# သခင့်စကား
# The LORD's Word

မင်းအောင်သက်လွင်စီစဉ်ထုတ်ဝေသည် *ဝိညာဉ်ရေးရာစာစောင်*

*ငါ၏ လူမျိုး၊ ငါ့လူစုတို့ ငါ့စကားကို နားထောင်*
*နာယူကြလော့။ ငါ့ထံမှ တရားထွက်၍ ငါစီရင်ချက်သည်*
*လူများ လင်းစရာဖို့ တည်ရလိမ့်မည်။ ဟေရှာယ ၅၁း၄*

*အမှတ်စဉ် ၁၂၆ ဖေဖော်ဝါရီလ ၂၀၁၂ ခုနှစ် ဓမ္မဒါန (လစဉ်ပထမတနင်္ဂနွေနေ့တိုင်းအခမဲ့ဖြန့်ချိသည်)*www.thelordword.com **(facebook; lord's word)**

## *ပြန်လာခဲ့* (မင်းအောင်သက်လွင်)




ပြန်လာခဲ့လို့ - အမေက ခေါ်သည်၊ သားလူ မောင်လှ ဆာ နေရှာ့မည်တဲ့။
ပြန်လာခဲ့လို့ - အစ်မက ခေါ်သည်၊ ငါ့မောင် ညီလေး ပြာ နေရှာ့မည်တဲ့
ပြန်လာခဲ့လို့ - အချစ်က ခေါ်သည်၊ ငါ့ချစ်သူလေး လွမ်း နေရှာ့မည်တဲ့။
ပြန်လာခဲ့လို့ - သခင်က ခေါ်သည်၊ ငါ့လူ ချစ်သား ပန်း နေရှာ့မည်တဲ့။
ဟုတ်ကဲ့ အမေ၊ သားတော်မောင်လေး ပြန်ချင်သော်လဲ
ဒေါ်လာငွေလေး ရှာနေသေးသမို့၊ နောက် တစ်နှစ်တော့ စောင့်စေချင်သည်။
ဟုတ်ကဲ့ အစ်မ၊ မောင်လေး ကျွန်တော် ပြန်လာချင်လဲ ဘဝအတွက်ရှုန်း
ခေတ်ကောင်း တုံးမို့ နောက်တစ်မိုးတော့ စောင့်ပါအုံးတဲ့။
ဟုတ်ကဲ့ချစ်သူ၊ တို့က မင်းဆီ ပြန်လာချင်လဲ
မင်းဘဝလှလှ စမတ်ကျဖို့၊ ငွေစျေး တက်တုံး ရှုန်းလိုက်အုံးမည်တဲ့။
ဟုတ်ကဲ့သခင်၊ အကျွန် လူသား အပြစ်များနဲ့ ပြန်ချင်ငြားလဲ
လောဘရမက် ဝဲဂယက်မှာ လူးပ်ရင်း မြုပ်ရင်း
စာတန်လက်တွင်း ကျွံမိသည်မို့၊ နောက်တစ်ဘဝ လောက်တော့ စောင့်ပါအုံးတဲ့။ ။



---

## *တစ်ဘက်လှ* (သာဂိစော)



ထို - ကော်ဖီဖျော်တဲ့စက်၊ ကော်ဖီရည် ဖျော်ပေမဲ့
ကိုယ်ဖျော်တဲ့ ကော်ဖီ ကိုယ် မသောက်ခဲ့။
ထို - ရှကာယုတ်လက် ငွေအသပြာထုပ် မက်စဉ်
သခင်လို့ခေါ်ပေမဲ့ ကိုယ့်အရှင်ကို သခင် မတော်ခဲ့။
ထို - ကျမ်းပြုဆရာ ဖာရိရှဲ ထမ်းခဲသောဝန် သူပြင်ပါလဲ
သူတပါးပေါ် တင်ရန်ဘဲမို့ ယောင်လို့ပင် လက်ဖျား မတို့ရဲ။
ဩော် သူ့မျက်စိထဲ အမှုန်ဝင် ၊ ဖုန်စုပ်စက်နဲ့ ထုတ်ပစ်ချင်လဲ
ကိုယ့်ပါးစပ်နား ကုလားအုပ်မြင် ၊ တမင်ဆွဲထည့် မျိုတုပ်ချင်သည့်
ထိုအဖြူသုတ် တစ်ဘက်လှ ငါ့ဘဝ ၊ ဆရာလုပ်ကာ လက်စွမ်းပြပေမဲ့
ခံယူချက်က ၊ အထက်တန်း မကျလေတော့
တစ်ဘက်ကမ်းခတ်အောင် ကျင့်မိခဲ့သမျှ
အထက်လမ်း ရသယောင် ဖြစ်ခဲ့ရလဲ ၊ ချော်တဲ့ အကျင့်ထဲ ပျော်နေသူဟာ
နိုင်ငံတော်နဲ့ လွဲမှာ သေချာလို့ ၊ ဤလောက ထဲက မခွာခင်မှာ
အယူနှစ်ဘက်မျှ မှန်ကန်စွာဖြင့် အထက်က အရာ စွဲလန်းရှာဖွေနိုင်ဖို့
တစ်ဘက်သတ် မေတ္တာကို ပြန်လည် သတိရကြပါစို့။ ။

---

## *တောင်းဆုပန်* (မနန်း-တောင်ကြီး)



နေရောင်ခြည်ထွေး နွေးစေဖို့ရာ ၊
ငှက်ကလေးများ ပင်ဖျားထိပ်မှ
တောင်ပံဖြန့်ကာ ဟိုဒီပျံဝဲ အော်ဟစ်တေးဆို နားဝင်ချိုပါ၏။
ငါသည်လဲဘဲ လွတ်လပ်ခွင့် လိုချင်သော်ငြား အေးမြတဲ့ လေနဲ့ အတူ
စင်ကာပူရဲ့ အလှအပ သဘာဝရှုခင်းများကို တွေ့မြင်ချင်လဲ
ကိုရွှေတံခါး သော့ခတ်လို့ထားတယ်။
ကိုယ်တော်သခင် မြင်စေလို၏။
ကြယ်စုံတဲ့ည၊ ကောင်းကင်ကြည်ပြာ ထိန်ထိန်သာတဲ့
လပြည့်လဝန်း ကျက်သရေအပေါင်း ခညောင်းပါတဲ့
နေ့ကို လိုလား ခံစားစေသားလို့ ကိုယ်တော့် သခင်ထံပါး
တောင်းဆုပန်စေသား။ ။



## *အများမရှိသောရွေးချယ်မှု* မလေး(ဂျူလိုင်)

လောကဓံ တရားက မတရားလည်း၊ တရားသော ဘုရားက သစ္စာရှိတယ်။
ဆင်းရဲခြင်းက ဒုက္ခတွေကို သယ်ဆောင်လာလည်း
နှစ်သိမ့်ပေးမဲ့ ဘုရားရှင် ရှိတယ်။
ဝမ်းနည်းခြင်းက ပူဆွေးစေလည်း မျှဝေခံစား ကရုဏာပြုပေးမဲ့ ဘုရားရှင်ရှိတယ်။
အမှားပြည့်တဲ့ လောကကြီးမှာအမှန်တရားကိုတည့်မတ်ပေးဘို့ ဘုရားရှင်ရှိတယ်။
လုံခြုံမှုကင်းတဲ့ ကမ္ဘာကြီးမှာ မေတ္တာလက်တော်
ထိန်းချုပ်ခြင်းနဲ့ ကာကွယ်ပေးမဲ့ ဘုရားရှင်ရှိတယ်။
အတင်းအဖျင်းပြောတဲ့ လောကကြီးမှာ ၊
လျစ်လျူရှုဘို့ သင်ကြားပေးတဲ့ ဘုရားရှင် ရှိတယ်။
နှမ်းလျ အသက်တာလျှောက်လှမ်းရာဝယ် ၊
လေးလံဝန်များ ကူထမ်းပေးမဲ့ ဘုရားရှင် ရှိတယ်။
လုပဘဝ သီချင်းကောင်းဖြစ်ရန် တီးခတ်သင်ယူ ခံစားနိုင်ဘို့
သင်ကြားပေးမဲ့ ဘုရားရှင်ရှိတယ်။
ဆာလောင်ဂိညာဉ် အဟာရဖြည့်ဘို့
အသက်စမ်းရေ အေးမြခြင်းနဲ့ ကယ်တင်ပေးမဲ့ ဘုရားရှင်ရှိတယ်။
မနေ့၊ ယနေ့၊ နောင်ကာလအမြဲ အတူရှိသော ထိုဘုရားရှင်အား
သင် ရွေးချယ်ပါက၊ သင်၏ဘဝတွင် ဘယ်သောအခါမျှ မမှားပါ။ ။



---

## *အမေ့ဆန္ဒ - ၁* (မလေး-တပ်ကြီးကုန်း)



ငယ်ရွယ်စဉ်ခါ ပညာရှာ ၊ ကိုယ်တော်ရှင်နှင့် ဖက်တွယ်ကာ
Sunday School လဲ မှန်မှန်တက် ၊ လိမ္မာရေးခြားရှိဖို့အတွက်
ဆုတောင်းခြင်းကို အားကြီးကာ ၊ နှိမ့်ချခြင်းနဲ့ ဆက်ဆံပါ။
နေ့စဉ်ပုံမှန် ကျမ်းစာဖတ် ၊ ဝိညာဉ်ရေးရာ နိုးကြားတတ်။
ကောင်းမှု မကောင်းမှု အသိဉာဏ် ၊ ကိုယ်တော်ရှင်ထံ တောင်းယူရန်
နာခံခြင်းနဲ့ လိုက်လျှောက်တော့ ၊ ကောင်းကြီးများစွာ ရရှိပေ့ါ။
ကိုယ်တော်ပေးသော ကောင်းကြီးကို ၊ ရေတွက် တတ်ဖို့လို
လမ်းမှားမလျှောက်ဖို့ အမေ့စကား ၊ ကိုယ်တော်ရှင်နှင့်လျှောက်လှမ်းသွား။ ။
(မြန်မာပြည်မှ သားလေး ဒယ်နရယ်ဟန်ဆန်ထူး အတွက် ---)

---

## *ခရစ်ယာန်ဆိုသည်မှာ* F-Penny(Mizo)


ထာဝရဘုရား၏ သမ္မာကျမ်းစာဖတ်ခြင်းဖြင့် ဝိညာဉ်အစာသွင်းလောင်းပါ။
ဆုတောင်းခြင်းဖြင့် ခွန်အားယူပါ။
အကြွင်းမဲ့ ယုံကြည်ခြင်းဖြင့် လုပ်ဆောင်ပါ။
ဖြောင့်မတ်ခြင်းဖြင့် ကိုယ်တော်ကိုရှာပါ။ သန့်ရှင်းခြင်းဖြင့် အထံတော်သို့ သွားပါ။
ရဲရင့်ခြင်းဖြင့် လျှောက်လှမ်းပါ။ နှိမ့်ချခြင်းဖြင့် ကူညီပါ။
အားငယ်သူကို အားပေးပါ။ သိမ်ငယ်သူကို ဖေးမပါ။
မနမြောသော စိတ်ဖြင့် ပေးလှူပါ။ မဝန်တိုသော စိတ်ဖြင့် တွဲခေါ်ပါ။
မဝါကြွားသောစိတ်ဖြင့် ပြောဆိုပါ။
အရှုံးပေးခြင်းဖြင့် သည်းခံ ခွင့်လွှတ်ပါ။
သနားခြင်းဖြင့် ပေးဝေပါ။ ရန်ကို ရန်ခြင်းဖြင့် မတုန့်ပြန်ပါနှင့်။
မေတ္တာဖြင့်သာ အနိုင်ယူပါ။
(ရောမ ၁၃း၈ ချစ်ခြင်းမေတ္တာမှ တပါး အဘယ်ကြွေးမှ မတင်စေနှင့်။ ၁ယော ၂း၁၅ လောက၌ ရှိသော အရာကို မချစ်ကြနှင့်--)

**The LORD'S Word 1-126**

**မင်းအောင်သက်လွင်** ရေးသားစီစဉ်ထုတ်ဝေသည့် **တတိယမြောက် မီနီမဂ္ဂဇင်း " အစေခံလမ်းမှ -"** ထွက်ပြီ။
မြန်မာပြည်ကျမ်းစာအသင်း(ရန်ကုန်) ။ Judson Baptist Church (S'pore)၊ စကောကရင်နှစ်ခြင်းအသင်းတော်(S'pore) စာအုပ်ဆိုင်များတွင် ရရှိနိုင်ပါသည်။

## *ကြေကွဲခြင်းည* (နန်းရထိုက်-ကနခ)

ပုံပြင်တစ်ပုဒ် မဟုတ်ခဲ့ဘူး။
ကြေကွဲခြင်းနဲ့ ဒဏ်ရာများစွာ လေပြည်ရဲ့ ဖြည်းညှင်းစွာ တိုက်ခတ်မှုနဲ့
သစ်ရွက်တွေက အသာ အယာ လှုပ်ခတ်ရင်း ပျော်ရွှင်နေကြတယ်။
အာကာတစ်ခွင်ရဲ့ မြင်ကွင်းမှာ အရောင်စုံစွာနဲ့ တိမ်လွှာတွေက စိုးမိုးထားတယ်။
အဖြူရောင် ကမ္ဘလာကောင်းကင်ကို အလှဆင်ထားလို့
အလွမ်းကဗျာ တစ်ပုဒ် ကျမ ရင်မှာ မွေးဖွားလာတယ်။
မိုးကြီးက အုန့်မှိုင်းမှိုင်းနဲ့ ရွာမလို ဟန်ပြင်
မုန်တိုင်းက ဒေါသနဲ့ ရေပြင်လှိုင်းကြီးကို ရိုက်ခတ်လို့
မိုးစက်တွေက ပိုးပိုးပေါက်ပေါက်နဲ့ ရွာသွန်းလို့
ကြေကွဲခြင်း ညလေးတစ်ညပါ။



အာရုဏ်တက်လို့ ကောင်းကင်တစ်ခုလုံး ကြည်လင်သွားမဲ့အချိန်မှာ
ကောင်းကင်မှာ အရောင်အသွေးလှတဲ့ သက်တန့်က
နေရာယူနေပေမဲ့ ၊ သခင်သာ မရှိခဲ့ရင်တော့ -
ဆုံးရှုံးခြင်းတွေနဲ့ တစ်ယောက်တည်း အထီးကျန်တဲ့ ညလေးပေါ့။ ။

---

## *God With Me* (Home -ပုသိမ်)



နိုဝင်ဘာ first week မှာ ဘုရားကျောင်းတက်ခွင့်ရတာ
ရရှိတဲ့ ဝိညာဉ်ခွန်အား တစ်သက်လုံး အားပေးစကား။
ဆရာ့ရဲ့ အားပေးစကား ဘုရားထား နေရာမှာ ရှိ
ဘုရားပေး အလုပ်ကိုလုပ် အခြား ပျော်စရာ မရှိ။
တစ်နှစ်ကျော်ဖြတ် ဘဝလမ်း ကုန်းတက်ကုန်းဆင်း အများသား
ခါတစ်လေ လက်လျှော့ပြန်ချင် ကျမ်းစကား အားပေးပြန်ပေ
အားယူ၍ ရဲရင့်ကြလော့ သီချင်းသံ ဝိညာဉ်ခွန်အား
သုတ်သင်မျက်ရည် စလေးများ။ အားတင်းကာ ရှေ့သို့ဆက်သွား
သူဌေးမ ပြောတဲ့ စကား။ နင်ဟာ ငါ့အတွက် သုညဘဲ
ငါသုည ဆိုတဲ့ လူသား ၊ ဘုရားပွေ့ချီ ပို့ဆောင်ခဲ့



ငါဆိုတဲ့ အတ္တမာန ရှိခဲ့လို့ ပြုပြင်ခံရ စလုံးနိုင်ငံသို့ ပို့ဆောင်တာ
ငါ့မာန ချိုးဖျက်ဖို့ပါ။ ခုတော့လဲ ငါ့ရဲ့ဘဝ သခင့်ရင်ခွင်မှာ အေးချမ်းသွား
အရာတိုင်းတွက် ကျေးဇူးပါ အလိုတော်တိုင်း အသုံးပြုပါ။
(၂၉နှစ်မြောက်မွေးနေ့နှင့် ဘုရားကျောင်းတက်ခွင့်ရ တစ်နှစ်ပြည့် အမှတ်တရ)

---



## **ချစ်ခြင်းမေတ္တာ** ( အငယ်ဆုံးသူလေး)

၁ကောရင်သု၁၃ ကို ဖတ်ပြီး တစ်ခုချင်း ဆင်ခြင်မိတဲ့အခါမှာ လူမျိုးတိုင်း နေရာတိုင်းမှာ အလိုအပ်ဆုံး အရာများစွာထဲက ချစ်ခြင်းမေတ္တာဆိုတဲ့ စကားလုံးလေးလဲ တစ်ခု အပါအဝင် ဖြစ်ခဲ့ပါတယ်။ ၁ကောရင်သု၁၃မှာ သူတပါးကို ကျွေးမွေး၍ ဥစ္စာရှိသမျှကို စွန့်ကြဲသည်သာမက ကိုယ်ခန္ဓာကို မီးရှို့စေခြင်းငှာ အပ်သော်လည်း ချစ်ခြင်း မေတ္တာမရှိခဲ့သော် --- ဒီကျမ်းပိုဒ်လေးနဲ့ ဆက်စပ်ပြီး ခရစ်တော်အတွက် အလင်း သက်သေအဖြစ် ဇဝ်ဂေလိ လုပ်နိုင်ပါတယ်။ အခု ကျမ အလုပ်လုပ်နေတဲ့ အိမ် မိသားစုလေးက မယုံကြည်သူတွေပါ။ သူတို့ဟာ လောကမှာ နေစဉ် လိုလေသေး မရှိအောင် ချမ်းသာကြပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် မပြုံးပြနိုင်ကြပါဘူး။ ကျမလဲ သူတို့အတွက် ဆုတောင်းပေးပါတယ်။ ကျမ သူတို့ကို လုပ်ပေး နိုင်တာ ချစ်ခြင်းမေတ္တာ သည်းခံခြင်း နားလည်ခွင့်လွှတ်လို့ပါဘဲ။ ဒါကလဲ ကျမ ခရစ်တော်ဆီမှာ အခမဲ့ ရခဲ့ပြီးလို့ သူတို့ကို လက်ဆင့်ကမ်း ပေးနိုင်ပါတယ်။ အခုတော့ သူတို့မိသားစုလေး တစ်ယောက်နဲ့ တစ်ယောက် ပြုံးရွှင်ရယ်မောစွာ စကားပြော ဆက်ဆံလာနိုင်ခဲ့ကြပါပြီ။ တစ်နေ့ တစ်ချိန်မှာ သူတို့နလုံးသားထဲထိ အပြုံးရှင် ခရစ်တော်ဘုရား ဝင်ရောက် ကိန်းဝပ်ဖို့ ကျမ ဆုတောင်းပေးနေပါတယ်။ အိမ်ရှင်များ။ ပွဲစားများ။ သူဌေးများ။ အရာရှိများ။ ခရစ်တော်ရဲ့ ချစ်ခြင်းမေတ္တာကို ခံစားရနိုင်ဖို့ သတိရ ဆုတောင်း၊ ပုံသက်သေ ပြရင်း ကမ္ဘာကြီးကို ချစ်ခြင်းမေတ္တာနဲ့ ပြည့်ဝစေကြစို့။ အားလုံးကို ချစ်တဲ့ - အငယ်ဆုံးသူလေး။

## *သက်သေခံချက်* (ဂမုန်းလင်း)

ဘုရားသခင်ရဲ့ ကောင်းမြတ်ခြင်းကို ဝေမျှသက်သေခံလိုပါတယ်။ ကျမဟာ အလွန် ခေါင်းမာတဲ့ အတ္တကြီးသူတစ်ယောက်ပါ။ အထူးသဖြင့် ဘယ် အရာကိုမှ ဆု မတောင်းတတ်ပါဘူး။ ကျမ လိုချင်တဲ့ အရာ၊ ဖြစ်ချင်တဲ့ အရာ တစ်ခုခုဟာ ကျမ ခွန်အားနဲ့ ရနိုင်မယ်လို့ ထင်ရင် ကျမ လုပ်တတ်ပါတယ်။ မထင် ရင်လှည့် တောင် မကြည့်ပါဘူး။ သူငယ်ချင်းတွေက လူမတတ်နိုင်တဲ့ အရာ ကို ဘုရား တတ်နိုင်တယ်လို့ ဝိုင်းပြောကြပါတယ်။ တကယ်တော့ ကျမဟာ ဘုရားသခင် နဲ့ ပြိုင်ပြီး စိတ်ကောက်နေခဲ့တာပါ။ လူတွေ အပေါ်မှာသာမက ဘုရား သခင် အပေါ်မှာပါ ကျမ ဆိုးခဲ့ပါတယ်။ ကျမ ဆိုးခဲ့သမျှ လူတွေ ခွင့်မလွှတ်ပေမဲ့ ဘုရား သခင်က ခွင့်လွှတ်ခဲ့ပါတယ်။ ကျမ ဆိုးသွမ်းခဲ့ပါတယ်။ ရရှိတဲ့ ခွင့်ရက်အတွင်းမှာ ဘုရား အတွက် အချိန်မပေးဘဲ ကျမ ချစ်သူရည်းစားအတွက် အချိန် ပေးခဲ့မိပါ တယ်။ တကယ် ပြဿနာတက်ချိန်မှာတော့ ချစ်သူက စွန့်ခွာသွား ပြီး ကျမ ဘေးနားမှာ ဘုရားသခင်သာ ရှိနေခဲ့ပါတယ်။ ပြဿနာများစွာထဲက တစ်ခု ကို သက်သေ ခံချင်ပါတယ်။

တစ်ရက် ကျမ အလေးသွားတဲ့ အခါမှာ သွေးတွေ တအား ကျဆင်းလာပါတယ်။ ကျမ အရမ်းကြောက်သွားခဲ့ပါတယ်။ ငါသေတော့မယ်လို့ အတွေးဝင်လာခဲ့ပါ တယ်။ ကျမ မသေချင်သေးပါဘူး။ အမြဲတမ်း ငါ့အတွက် ပူပန်တတ်တဲ့ မိသားစုအတွက် ငါအသက်ရှင်ချင်သေးတယ်။ အဲဒီ ရောဂါ အကြောင်း လူတွေကို ပြောပြ ရမှာ ရှက်ခဲ့တယ်။ ဘုရားသခင်ကို ကျမ ဆုတောင်း ခဲ့ပါတယ်။ ဒီရောဂါက ပျောက်ကင်းခွင့် ပေးဖို့ပါ။ ကျမရဲ့ အပြစ်ကို ခွင့်လွှတ် ပါလို့လဲ ဝန်ချခဲ့ပါတယ်။ ဘုရားသခင်က ကျမကို ချစ်ကြောင်း သက်သေ ရလာပါ တယ်။ လေးငါးရက်အတွင်း ကျမ ပုံမှန်ပြန်ဖြစ်လာပါတယ်။ ကျန်းမာခြင်း ပြန်ရ သည်သာမက ချစ်သူက ပစ်သွားလို့ အသည်းကွဲနေတဲ့ ကျမကို နှစ်သိမ့်ခြင်း ပေးခဲ့ ပါတယ်။ လောကမှာ ငြိမ်သက်ခြင်း လိုအပ်ပါတယ်။ လူတစ် ယောက်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို တသသ မက်မောနေတာထက် ဘုရား မေတ္တာ ကသာ ထာဝရဆိုတာ သိလာရပါတယ်။ ဘုရားသခင်နဲ့ အတူ လျှောက်လှမ်း အသက်ရှင် အားကိုးပါလို့ သက်သေခံ ရေးသားလိုက်ပါတယ်။ ။ ဂမုန်းလင်း

---

## *သက်သေခံချက်* (Little Lamb)

ကျမ ခံစားရတဲ့ ကောင်းကြီးများထဲက သက်သေခံချင်ပါတယ်။ ကျမဟာ ဘုရားသခင် ဆီမှာ ဆုတောင်းခဲ့ပါတယ်။ တစ်လကို တစ်သိန်း ၂သိန်းလောက် ရတဲ့ လစာနဲ့ ဘုရားသခင် နှစ်သက်သော သန့်သန့်ရှင်းရှင်း အလုပ်၊ သမ္မာ အာဇီဝနဲ့ အလုပ်ကို လုပ်ခွင့်ပေးပါလို့ ဆုတောင်းခဲ့ပါတယ်။ သာမာန်ဘွဲ့လက်မှတ်လေး ကိုင်ထားတဲ့ ကျမအတွက် ရယ်စရာ ဆုတောင်းချက်လေး ပါဘဲ။ ကျမအတွက် သမ္မာအာဇီဝနဲ့ သန့်သန့်ရှင်းရှင်း လခကောင်းတဲ့ အလုပ်ရဖို့ ခက်ခဲပါတယ်။ ဒါပေမဲ့ ဘုရားသခင်က ကျမကို စင်ကာပူကို ပို့ဆောင်ခဲ့ပါတယ်။ ပွဲစားခ မလို၊ အခမဲ့ ရောက်လာတဲ့အပြင် အိမ်ရှင်ကောင်းနဲ့ ပေးတွေ့စေခဲ့ပါတယ်။ သူများတွေထက် အဆင့်နိမ့်တဲ့ အလုပ်ဖြစ်ပေမဲ့ သမ္မာအာဇီဝနဲ့ လုပ်ရလို့ ကျမ ပျော်ပါတယ်။ သန့်ရှင်းသော ငွေဖြင့် မိဘကို လုပ်ကျွေးရလို့ အလွန် ဝမ်းသာ ကြည်နူးမိပါတယ်။ ကျမတို့ သိတဲ့အတိုင်း ဘုရားသခင်ဟာ နာခံသူအတွက် ကောင်းကြီး နဲ့ မနာခံသူ အတွက်ကျိန်ခြင်း အမင်္ဂလာကို ပေးတွေ့စေပါတယ်။ တစ်နှစ် ပြည့်သွားတော့ ကျမ ခွင့်နဲ့ အိမ်ပြန်ခွင့် ရခဲ့ပါတယ်။ ကျမ မိသားစုဟာ ကျမ စင်ကာပူကို ထွက် သွားစဉ်ကထက် စီးပွားရေး ကျဆင်းနေတာကို တွေ့ရပါတယ်။ ကျမ ရိုးသား ကြိုးစား ချွေတာ လုပ်ထားသမျှ အရာမထင် တာကိုတွေ့ရတော့ ဘုရားသခင်ကို အပြစ်တင်ခဲ့မိပါတယ်။ ဒါပေမဲ့ မှားယွင်း နေတဲ့ ကျမရဲ့ ဝိညာဉ်ရေးရာ အမြင် တွေကို ဘုရားက ပြန်မြင်စေခဲ့ပါတယ်။ အလုပ်သာ ကြိုးစား လုပ်ပေမဲ့ ကျမ ဟာ ဘုရားသခင်ကို ဆယ်ဖို့ တစ်ဖို့ မှန်မှန် မပေးခဲ့ပါဘူး။ ဒါဟာ အပြစ်ဆိုတာ ကျမ မသိခဲ့ပါဘူး။ ဘုရားသခင်က သူ့ကို ဦးစားပေးချင်ပါတယ်။ ကျမက ဘုရား သခင်ကို ဦးစား မပေးခဲ့တာကို ပြန်သိလာခဲ့ရပါတယ်။ ကျမလို ဘုရားကို မမေ့ဖို့ သက်သေခံ ရေးသားလိုက်ပါတယ်။ ။ Little Lamb

The LORD'S Word 2-126

## *သက်သေခံချက်* (Jaku)



ဘုရားသခင်သည် ငါ့ကို ကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ကြောက် လန့်သော စိတ်မရှိဘဲ၊ ရဲရင့်မည်။ ထာဝရဘုရားသည် ငါချီးမွမ်းရာ၊ ငါသီချင်း ဆိုရာ ငါ့ကို ကယ်တင်သော အရှင်ဖြစ်တော်မူ၏။ ဟေရှာယ ၁၂း၂။ ဟာလေလုယာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ အချိန်အခါတိုင်း Jaku အတွက် ဘုရားသခင်ရဲ့ Spiritial Favour တွေကို မြင်တွေ့ခံစားနေရလို့ တဖန် ဝေမျှ ရခြင်းပါ။ ကုန်လွန်ခဲ့တဲ့ နှစ်တွေကို ပြန်တွေးမိတိုင်း ဘုရားသခင်က jakuကို အရမ်း ချစ်တယ်ဆိုတာကို ခံစားရလို့ အရမ်း စိတ်လှုပ်ရှားမိပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၇ က အတွေ့အကြုံအရ ဘုရားသခင်က ချစ်တဲ့အပြင် jaku ဘက်မှာ အမြဲ ရှိတယ် ဆိုတာသိရလို့ အရမ်းဝမ်းမြောက်မိပါတယ်။ jaku စင်ကာပူကို စရောက် တုံးက အနိမ့်ဆုံး ရာထူးနဲ့ပါ။ ဒါပေမဲ့ jaku ပျော်ပါတယ်။ ဘုရား သခင်က အသင့်တော်ဆုံးနဲ့ အကောင်းဆုံး ပေးထားတာဘဲ ဆိုပြီး အမြဲ ကျေးဇူးတော် ချီးမွမ်းမိပါတယ်။ Jaku ကို လစာတိုးပေးပါ။ ရာထူး တိုးပေးပါလို့ တစ်ခါမှ ဆုမတောင်းဖူးပါဘူး။ ၂၀၀၇ ဇွန်လမှာ အထက်အရာရှိက ရာထူး တိုးပေး ချင်တယ်လို့ စကားဆိုလာပါတယ်။ ဘုရားသခင်ဆီမှာ ဆုတောင်းခဲ့ပါတယ်။ ကိုယ်တော် အလိုရှိရင် ရာထူးပေးပါ။ ကိုယ်တော့်ခွန်အားနဲ့ ကြီးတဲ့ရာထူးကို ထမ်းဆောင်ခွင့် ပေးပါလို့ပေါ့။ တကယ်တော့ ဥပဒေအရ jakuတို့ရုံးက ရာထူးကို ဩဂုတ်စ်လမှ တိုးပေးတာဖြစ်ပေမဲ့ ဇွန်လ ကတည်းက ရာထူးတိုးပေးထား ပါတယ်။ Jaku ထက် အရင် စောရောက်တဲ့သူတွေ။ တော်တဲ့ သူတွေထဲကမှ Jaku ကို ရာထူးတိုးပေးတာ ဘုရားသခင်က သူရဲ့ Spiritial favour ကို ခံစားစေတာ ဖြစ်ပါတယ်။ Jaku မတော်ဘူး။ မတတ်ဘူး။ အားနည်းပါတယ်။ အဲဒီ အားနည်းချက် တွေထဲကမှ ဘုရားသခင်က ခွန်အားနဲ့ ပြည့်စုံစေခဲ့တာ ဖြစ်ပါ တယ်။ ၂ကော ၁၂း၉-၁၀။ ငါ့ကျေးဇူးသည် သင့်အဖို့ လောက်ပေ၏။ ငါ့တန်ခိုး သည် အားနည်းခြင်းအဖြစ်၌ စုံလင်တတ်သည်။ June လ ရောက်တော့ တီဘီ ဆောင်ထဲမှာ ရှိတဲ့သူတွေအားလုံး ဆေးစစ် ရပါတယ်။ အားလုံးထဲကမှ Jaku တစ်ယောက်ထဲ ဆေးကုသမှု ခံခဲ့ရပါတယ်။ ဆေးကု ခံရပေမဲ့ စိတ်ငြိမ်သက် ခဲ့ပါတယ်။ အထက်အရာရှိတွေနဲ့ လုပ်ဖော် ဆောင်ဘက်တွေက ကရုစိုက် ကြင်နာမှုတွေ ပြကြပါတယ်။ စိတ်ငြိမ်သက်ခြင်း ခံစားရပါတယ်။ ဇူလိုင် လဆန်းမှာ သူဌေး၊ အရာရှိ၊ ဒါရိုက်တာတွေ အားလုံးက Jakuကို ခေါ်တွေ့ပြီး စကား ပြောပါ တယ်။ ဇူလိုင်လ ၁၂ ရက်နေ့ နောက်ဆုံး စင်ကာပူကနေ အပြီးပြန်ရမယ်တဲ့။ စိတ် မကောင်းပါဘူးတဲ့။ မြန်မာပြည် ရောက်ရင် ဆေးဆက်ကုပါ။ ဆေးတွေ စီစဉ် ပေးမယ်လို့လဲ ပြောပါ တယ်။ ညဂျူတီ ဆင်းရင်း ကိုယ်သောက်ရမဲ့ ဆေးတွေကို ကိုယ်ကိုယ်တိုင် ထုပ်ပိုးနေတုန်းမှာ အတူတူ အလုပ်လုပ်နေတဲ့ သူငယ်ချင်းက Jakuကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေပါတယ်။ Jaku ကတော့ စိတ်ထဲမှာ ငြိမ်သက် နေတယ်။ မနက်ဖြန်ဆိုရင် TTSH မှာ ဆေးသွားစစ်ရမယ်။

ညဂျူတီပြီးလို့ ဆေးရုံးကို သူငယ်ချင်းတစ်ယောက်နဲ့ ရထား စီးရင်း သွားနေတုံး အထက်အရာရှိက ဖုန်းဆက်ခေါ်ပါတယ်။ မင်းရန်ကုန်ကို ပြန်စရာ မလို တော့ဘူး။ ဝမ်းမသာဘူးလားတဲ့။ Jaku ဝမ်းသာလွန်းလို့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ သူငယ်ချင်းလဲ အရမ်းဝမ်းသာတယ်။ တစ်ချို့ လူတွေကတော့ Fair မဖြစ်ဘူး။ အရင်လူတွေကိုတော့ ပြန်ပို့ပြီး။ Jaku ကိုတော့ ပြန်မပို့ဘူးတဲ့။ August လမှာ Nurse day နဲ့ အတူ ITE cert ပေးပွဲနဲ့ promotion လုပ်ပွဲရှိတယ်။ လူကြီးက Jakuကို စည်းဝေး လာတက်ဖို့နဲ့ စာအိတ် တစ်အိတ် လာပေးသွားတယ်။ ဖတ်ကြည့်လိုက်တော့ အရမ်းအံ့သြသွားတယ်။ ကိုယ့်ကိုယ်ကို ရှက်သလို ခံစားမိလို့ ဘယ်သူ့ကိုမှ မပြောဖြစ်ခဲ့ဘူး။ နောက်တော့ တခြား လူတွေသိသွားကြတယ်။ မတရားဘူး double promotion ဖြစ်နေတယ်လို့ ဝေဖန်ကြတယ်။ Jaku အတွက်နဲ့ လူကြီးတွေ တွေ့ဆုံ ရှင်းလင်းပွဲ လုပ်ခဲ့ရပါတယ်။ အဲဒီရက်ပိုင်း အတွင်းမှာ Jaku ဘုရားသခင်နဲ့ဘဲ စကား ပြောခဲ့ပါတယ်။ ယောဘ ၅း၈-၉ ငါမူကား ဘုရားသခင်ကို မြော်လင့်မည်။ ကိုယ် အမှုကို ဘုရား သခင်၌ အပ်မည်။ ဘုရားသခင်သည် ကြီးသောအမှု၊ စစ်၍ မကုန်နိုင်သော အမှု၊ ရေတွက်၍ မဆုံး။ အံ့သြဘွယ်သောအမှုတို့ကို ပြုတော်မူ၏ ဆိုတဲ့ ကျမ်းပိုဒ်လေးက Jaku အတွက် ဖြစ်ခဲ့ပါတယ်။ ဒို့အပြင် အလုပ်ထဲမှာ ကြောက်စိတ်တွေ ဝင်လာတိုင်း ၆ရာ ၂၀း၁၅(ခ) မကြောက်ကြနှင့်။ စိတ် မပျက် ကြနှင့်။ စစ်မှုသည် သင်တို့တာ မဟုတ်။ ဘုရားသခင့် တာ ဖြစ်၏။ ဆိုတဲ့ ကျမ်းပိုဒ်နဲ့ အမြဲ ခွန်အားယူခဲ့ပါတယ်။ ဘုရားသခင် Jaku ကိုအရမ်းချစ်ပါတယ်။ လူတွေရဲ့ favour က အကန့်အသတ်ရှိပါတယ်။ ဘုရားသခင်ရဲ့ Spitritial favour ကတော့ အမြဲတမ်း ကန့်သတ်ချက် မရှိပါဘူး။ စာဖတ်သူတိုင်း ဘုရားသခင်ရဲ့ Spitritial favour ကို ခံစားနိုင်ကြပါစေ။ ။ Jaku




---

## G o d I s L o v e

ပုဂ္ဂိုလ်အားလုံးထက်၊ အရာခပ်သိမ်းထက် ဦးထိပ် ပန်ထိုက်သော၊ ကြည်ညို လေးစားထိုက်သော ထာဝရ ဘုရားကို တပည့်တော် ဝန်ခံပါ၏ ဘုရား။ ကြည်ညို ဂုဏ်ပြုထိုက်သော ပုဂ္ဂိုလ်တကာတို့ထက် ဘုန်းတန်ခိုးကြီးသည့် ဖန်ဆင်းရှင် ထာဝရဘုရားကို အကျွန်ုပ် ပျပ်ဝပ်ကြည်ညို ဂုဏ်ပြုပါ၏ဘုရား။ ဘုန်းတန်ခိုး အာဏာကြီးသော လူပုဂ္ဂိုလ်အပေါင်းတို့ထက် အနန္တတန်ခိုးရှင် ထာဝရ ဘုရားကို အကျွန်ုပ် ဦးချ ဝန်ခံ ကြည်ညိုပါ၏ ဘုရား။ ပညာရှင် ဉာဏ်ကြီးရှင် အပေါင်း တို့ထက် အနန္တဉာဏ်တော်ရှင်ဘုရားကို အားကိုး ယုံကြည် မျှော်လင့်ပါ၏ ဘုရား။ လူတော် လူတတ်များထက် အရာခပ်သိမ်းကို တတ်စွမ်း နိုင်သော ဖန်ဆင်းရှင် ထာဝရဘုရားကို ယုံကြည်အားကိုး မျှော်လင့်ပါသည် ဘုရား။ သူတော်စင် သူတော်ကောင်းများထက် သစ္စာကတိတည်သော ဖန်ဆင်းရှင် ဘုရား ကို စိတ်ချယုံကြည်ပါသည် ဘုရား။ သူဌေး သူကြွယ် အပေါင်းထက် ကောင်းကင်နှင့် မြေကြီးကို စီရင် ပိုင်သသော ကြီးမြတ် ကြွယ်ဝ သော ထာဝရ ဘုရားအား အားကိုး ခိုလှုံပါသည် ဘုရား။ ချီးမွမ်းဖွယ် မြင့်မြတ်သော အရာများ။ ကောင်းသောအရာများနှင့် လှပသော အရာများထက် မြင့်မြတ်သော မြတ်စွာ ဘုရားကို ချီးမွမ်းပါသည် ဘုရား။ ပျော်ရွှင်စရာ အမျိုးမျိုးထက် မေတ္တာရှင် ယေရှု ဘုရား၌ မွေ့လျော်ရွှင်မြူးပါသည် ဘုရား။ မြတ်နိုး လိုချင်စရာများ။ ချစ်ခင် စရာ ပုဂ္ဂိုလ်များထက် မေတ္တာရှင် ယေရှုဘုရားကို ချစ်ခင်မြတ်နိုး ချင်ပါသည် ဘုရား။ အို ငါ့ဝိညာဉ်၊ ငါ့စိတ်နှလုံးနှင့် ငါ၏ ကိုယ်အင်္ဂါ ရှိသမျှ အားလုံး ကိုးကွယ် ထိုက်သော ထာဝရဘုရားကို ချီးမွမ်းကိုးကွယ်လော့။ ကောင်းကြီးပေးလော့။ ချစ်မြတ်နိုးလော့။ ဟာလေလုယာ။ ။ ဒိုင်းမွန်း

---

## *တကျာနဲ့ပါဝါ - ၄* (အယ်ဒီတာ)



ဒီဇင်ဘာလရဲ့ ပထမ တနင်္ဂနွေနေ့ ပွဲတော်မင်္ဂလာ ဝတ်ပြု ကိုးကွယ်ခြင်း စည်းဝေးအတွက် ဘုရားကျောင်း နောက်ဆုံးထိုင်ခုံမှာ ထိုင်ရင်း ဝတ်ပြု နေချိန်မှာ အသင်းတော် လူကြီးတစ်ယောက် ကျနော့်လက်ထဲကို စာတစ်စောင် လာပေးရင်း " ကို အောင်သက်ရေ၊ ခုနက ကောင်မလေးတစ်ယောက် ခင်ဗျားကို လာရှာပြီး စာ တစ်စောင် လာပေးသွားတယ် " လို့ပြောပါတယ်။ " သူအခု မှာလဲ "လို့ မေးလိုက်တော့ " စာပေးပြီးပြီးချင်း ဘုရားကျောင်းထဲက ထွက်သွားပြီ " တဲ့။ စာအိတ်ပေါ်မှာ "သခင့်စကား အယ်ဒီတာကို ကျေးဇူးပြု၍ ပေးပေးပါ Thank you " ဆိုတဲ့ စာတန်းလေးကို လက်ရေးခပ်သော့သော့နဲ့ ရေးထားတာ တွေ့လိုက်ရပါ တယ်။ ဝတ်ပြုကိုးကွယ်ခြင်း မစသေးတာမို့ စာအိတ်ကို ဖောက်ဖတ်လိုက်တဲ့ အခါမှာ ကောင်မလေး တစ်ယောက်ရဲ့ ဝန်ခံချက် စာမူလေးကို ဖတ်လိုက်ရပါ တယ်။ စိတ်မကောင်းမိပါ။ သူ့စာမူရဲ့ ရည်ရွယ်ချက်ကလဲ လူတွေရှေ့မှာ သက် သေခံပြီး အပြစ်ကို မဖော်ပြရဲလို့ စာပေအားဖြင့် ရေးသားကာ အပြစ်ဝန်ချ သက်သေခံရင်း နောက်လူတွေ သူ့လို မမှားဖို့ သက်သေခံတာပါတဲ့။ အယ်ဒီတာတို့ ထုံးစံအတိုင်း လူတွေ သိရှိ နောင်တရဖို့ (တကျာနဲ့ပါဝါ-၄) ဆိုတဲ့ ခေါင်းစဉ်နဲ့ တင်ဆက်လိုက်ပါတယ်။ ဒီစာမူကြောင့် ထိခိုက်နစ်နာစရာ အမှား အယွင်း တစ်စုံ တစ်ရာ ပါခဲ့ရင် အယ်ဒီတာ ကျနော့်ကိုသာ အပြစ် ပုံချ လိုက်ပါတော့။ ။ အစေခံလမ်းမှ - အယ်ဒီတာ



*သခင့်စကား* ဝိညာဉ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၂၆ ဖေဖော်ဝါရီလ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

## ဝန်ချသက်သေခံခြင်း (ကောင်မလေးတစ်ယောက်)

ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဘုရားသခင်ရဲ့ ကောင်းကြီး များစွာထဲက အကြီးမားဆုံး အရာတစ်ခုကို သက်သေခံချင်ပါတယ်။ ကျမ စင်ကာပူရောက်တာ ၂နှစ်ကျော်လာပါပြီ။ တစ်နေ့မှာ စာတန်နောက်ကို လိုက်ခဲ့ မိပါတယ်။ ဘာသာမတူတဲ့ သူတစ်ယောက်နဲ့ ရင်းနှီးကျွမ်းဝင်မိပြီး ချစ်ကြိုက်ခဲ့ပါတယ်။ သူက အပြော အရမ်းကောင်းတယ်။ ကျမ သူပြောသမျှ အားလုံးကို ယုံမိခဲ့တယ်။ ကျမ သူနဲ့ တွဲလို့ မကြာခင်မှာ သူတောင်းဆိုလာပါ တယ်။ သူတောင်းဆိုလာတဲ့ အရာကို ကျမ လိုက်လျောမိခဲ့တယ်။ ကျမတို့ မှားခဲ့ ကြတယ်။ အဲဒီအချိန်ကျမှ ကျမရဲ့အမှားက အမှားကြီး ဆိုတာ သိလာခဲ့ရပါတယ်။ ကျမမှာ သွေးသားအကောင်အထည် ပေါ်လာခဲ့ပါတယ်။ ကျမ သူ့ကို ပြောပြခဲ့ပါ တယ်။ ဒါပေမဲ့ သူပြန်ပြောတဲ့ စကားက ကျမ မယုံနိုင်စရာပါဘဲ။ ဒါသူ့ကြောင့် မဖြစ်နိုင်ဘူး ဆိုပြီး ငြင်းခဲ့ပါတယ်။ ကျမ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိပါဘူး။ ဒီ အကောင် အထည်ကြီးနဲ့ ကျမ ရွာပြန်လို့လဲ မဖြစ်ပါဘူး။ သူကလဲ ကျမကို တာဝန် မယူပါဘူး။ ဘုရားစကား နားမထောင်တဲ့ ကျမ ဘဝဟာ အရူးမ မီးဝိုင်း သလို ခံစားရပါတယ်။ ၁၅မိနစ်စာ တခနတာ သာယာတဲ့ သွေးသားဖောက်ပြန်မိ တဲ့ ကျမဟာ အခုအချိန်မှာတော့ ၁၅သက်စာ ငရဲဘုံ ကျသွားသလိုပါဘဲ။ ဘုရား သခင်ကို အပြစ်ဝန်ချရင်း ကျမ စကားတွေ အများကြီးပြောခဲ့ပါတယ်။ ဆာလံ ၂၃။ ဖိလိပ္ပိ ၄း၆-၇ ကို အမြဲတမ်း ဖတ်ရွတ်ပြီး ဆုတောင်းခဲ့ပါတယ်။ ကျမ ဒီကလေးကို မယူဘူးဆိုပြီး မလုပ်သင့်တဲ့ အရာတွေကို ကျမ အကုန်လုံး ထပ်မှား ထပ်လုပ်မိခဲ့ ပါတယ်။ အဲဒီကောင်နဲ့လဲ ကျမ လမ်းခွဲခဲ့ပါတယ်။ ကျမ ဒုက္ခရောက်တဲ့ အချိန် အတော အတွင်း သူ ကျမကို လိမ်ညာခဲ့တာတွေ အများကြီးပါ။ နောက်မှ သူ့အကြောင်း ကျမ ကောင်းကောင်းသိခဲ့ရပါတယ်။ ကျမနဲ့ ကွဲခဲ့ပြီးတဲ့ နောက်မှာ အဲဒီလူဟာ နောက်ကောင်မလေးတစ်ယောက်နဲ့ တွဲနေတာကို သိခဲ့ရပါတယ်။ တခနတာ သွေးသားပျော်ရွှင်မိခဲ့မှုအတွက် ဒီတစ်သက်စာ လိပ်ပြာမသန့်တဲ့ ဘဝနဲ့ မိဘဆရာသမားများရှေ့မှာ ခေါင်းငုံ့အနိမ့်ခံရသည့်သာမက ဘုရားရှေ့မှာ ရှုံ့ရှာစရာ ဖြစ်သွားတဲ့ ဘဝကို မမက်မော မသာယာကြပါနဲ့လို့ ဘဝနဲ့ ရင်းပြီး သက်သေခံ လိုက်ပါတယ်။ ကျမလို မမိုက်မှားကြဖို့ ညီမများ အစ်မများကို သက်သေခံရင်း ကျမ မှားခဲ့မိတဲ့ အမှားအတွက် ဘုရားသခင် ရှေ့မှာ ဝန်ခံ သက်သေခံ လိုက်ပါတယ်။ ။ (ကောင်မလေးတစ်ယောက်)

## What is your vision (Po law eh)



တစ်ယောက်ယောက်က အပေါ်က ခေါင်းစဉ်အတိုင်း မေးခွန်း မေးလာ ခဲ့ရင် သင်ဘယ်လိုဖြေမှာ လဲ။ ဖြေနိုင်တဲ့သူ ရှိသလို မဖြေနိုင်တဲ့ သူလဲရှိပါတယ်။ အောင်မြင် တဲ့ သူရှိသလို ရှုံးနိမ့်တဲ့သူလဲ ရှိပါတယ်။ ရှုံးနိမ့်တဲ့ သူထဲမှာ စာရေး သူလဲ ပါပါတယ်။ ကိုယ့်အားကိုယ်ကိုးပြီး စိတ်ကြီးဝင်မိလို့ ကိုယ့်ပန်းတိုင် ကိုယ် ရိုက်ချိုး ပစ်သလို ဖြစ်ပေါ်လာတဲ့ ကံကြမ္မာ အလှည့် အပြောင်းတွေကြောင့် ဦးတည်ချက် ပြောင်းသွားရတဲ့ သူတွေလဲ ရှိပါတယ်။ လူတိုင်းမှာ ရည်မှန်းချက် ကိုယ်စီ ရှိပါတယ်။ အရင်တုံးက ကလေး တစ်ချို့ ကို ကျမ မေးခဲ့ဖူးပါတယ်။ မင်းတို့ ကြီးလာရင် ဘာလုပ်မလဲလို့။ တရား ဟောဆရာ။ သူနာပြု။ တောလိုက်မုဆိုး။ လူမိုက် အရက်သမား လုပ်မယ်ဆိုတဲ့ ကောင်းသော ရည်ရွယ်ချက်နဲ့ မကောင်းသော ကြောက်စရာ ရည်ရွယ် ချက်တွေ ကို ကလေးတွေပီပီ နားလည်သလို ပြန်ဖြေ ကြပါတယ်။ စာရေးသူကြုံခဲ့ရတဲ့ အဖြစ် အပျက်လေးနဲ့ သက်သေခံချင်ပါတယ်။ စင်ကာပူ ရောက်တာ တစ်နှစ် ကျော်ဘဲ ရှိပါသေးတယ်။ ကျမရဲ့ အိမ်ရှင်တွေက သဘောကောင်း ကြပါတယ်။ ကျမကို မိသားစုဝင်လိုဘဲ သဘောထားပါတယ်။ ကိုယ့်အိမ် အလုပ်ပြီးရင် နားခွင့် ရှိပါတယ်။ တစ်နေကုန် မရှိတဲ့ အလုပ်ကို ရှာကြံ မခိုင်း တတ်တဲ့ သဘောထား ကြီးတဲ့ မိသားစုပါ။ တစ်လကို တစ်ခါ ထွက်ခွင့်ပေး သလို သူတို့နဲ့လဲ စင်ကာပူအနှံ့ ထွက်လည်ဖူးခဲ့ပါတယ်။ ကျမက ရလေ လိုလေမို့ တစ်လထွက်ခွင့် ရတာထက် နောက်တစ်ခေါက် ထပ်ထွက်ခွင့်ရဖို့ ခွင့်ထပ်တောင်းမိတော့ အိမ်ရှင်က စိတ်ဆိုးပါတယ်။ သူဌေးမက ကျမကို တိုက်ရိုက် မပြောဘဲ သူ့ အမေကိုပြောခိုင်းပါတယ်။ သူ့အမေက ကျမကို နားလည် အောင် သားသမီးလိုရှင်းပြပါတယ်။ နင် စင်ကာပူ လာရတဲ့ ရည်ရွယ် ချက်က ဘာလဲ။ အလည်လာဖို့လား။ အပျော်ရှာဖို့လား။ မိသားစုအတွက် ငွေရှာ ဖို့လားတဲ့။ what is your vidsion ဆိုတဲ့ မေးခွန်းက ကျမကို အရှိုက်ထိ သွားစေ ပါတယ်။ ကျမ မာနကို ထိခိုက်သွားပေမဲ့ အဖွားပြောတဲ့ စကားက မမှားပါဘူး။ ကျမ မိသားစုအတွက် ငွေလာရှာတာဖြစ်တဲ့အတွက် ရည်ရွယ်ချက် ဦးတည်ချက် မပြောင်းဘဲ စိတ်အလို မလိုက်ဖို့ သွန်သင်ခံရပါတယ်။ ကြိုးစားခြင်းသည် အောင် မြင်ခြင်းရလဒ် ဆိုသလို ရည်မှန်းချက်ထားပြီး ကြိုးစားဖို့လိုပါတယ်။ မွေးကာစ ကလေးဟာ ချက်ခြင်း လမ်းမလျှောက်တတ်ခဲ့ပါ။ တဖြည်းဖြည်းချင်း လမ်း လျှောက်ခြင်း အတတ်ပညာကို သင်ယူကြိုးစားရသလို တဆင့်ချင်း သင်ယူရင်းနဲ့ အောင်မြင်အောင် ကြိုးစားပါ။ အရှုံးမဆွေး ပန်းတိုင် မကျိုးရအောင် ထာဝရ ဘုရားကို အားကိုးပြီး သတ္တိရှိရှိနဲ့ ဆက်လက်ရပ်တည်မယ်ဆိုရင် ဒီထက်မက အောင်မြင်တဲ့သူ ဖြစ်နိုင်ပါတယ်။ ထာဝရဘုရားသည် အိမ်ကို ဆောက်တော် မမူလျှင် ဆောက်သောသူတို့သည် အချည်းနှီး လုပ်ဆောင်ကြ၏တဲ့။ ကိုယ်ပြု သော အမှုတို့ကို ထာဝရဘုရား၌ အပ်လော့။ သို့ပြုလျှင် သင်၏ အကြံ အစည် တို့သည် တည်ကြလိမ့်မည်။ သုတ္တံ ၁၆း၃။ စာဖတ်သူအယောက်တိုင်း ဘုရား သခင်ရဲ့ ကောင်းကြီးများစွာကို ခံစားရရင်း ရည်ရွယ်ထားသော ပန်းတိုင်ကို ရောက် အောင် လျှောက်လှမ်းနိုင်ကြပါစေ။ ။ Po Law Eh

## နောက်ယှက် (Cho Cho)





ခရစ်တော်ရဲ့ နောက်ကို လိုက်တဲ့သူတွေဟာ နောက် ယှက်မှုကို ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ ခရစ်တော် ကိုယ် တိုင်က မာရ်နတ်ရဲ့ နောက်ယှက်ခြင်းကို ခံရပြီး တွန်း လှန် ပြခဲ့ပါတယ်။ လုကာ ၄း၅-၁၂။ သခင့် စကားစာစောင်နဲ့ သိကျွမ်း ခဲ့တာ ၅နှစ်ရှိပြီး စလုံးမှာ အိမ်သုံးအိမ် ပြောင်းလုပ် ခဲ့ပြီးပါပြီ။ စာမူရေးဖို့ ပြင်ဆင် မိပေမဲ့ အခုအချိန်အထိ အနောက် အယှက်တွေကြောင့် အိမ်အသစ် ပြောင်းပြီး ၄လကြာမှ ရေးသား သက်သေ ခံရ ခြင်း ဖြစ်ပါတယ်။ ကောင်းမှု လုပ်မယ် ဆိုရင် အမြဲတမ်း အနောက်အယှက်တွေ ဝင်လာ တတ်ပါတယ်။ ကျမတို့က စာမူ တစ်ပုဒ်လေးရေးဖို့ ၅နှစ်လောက် အချိန် ယူရချိန်မှာ စာစောင်တစ်ခုလုံးကို တစ်လ တစ်ခါ မှန်မှန် ထွက်ဖို့ အလုပ် တစ်ဘက်နဲ့ ဆက်ကပ်နေတဲ့ အယ်ဒီတာဆိုရင် ဘယ်လောက် အလုပ်များ၊ အနောက်အယှက်များလိုက်မလဲ ဆိုတာ ပြေးကြည့် တာထက် တွေး ကြည့်တာက ပိုမှန်ပါလိမ့်မယ်။ လူတစ်ယောက်ပြောဖူးတယ် လူသာ အိပ်တာ နတ်ဆိုးက မအိပ်ဘူးတဲ့။ ဘုရားသခင်ရဲ့ ရန်ဘက်ဖြစ်တဲ့ မာရ် နတ်က ဘုရား သားသမီးတွေ ကောင်းစားတာကို လုံးဝ မနာလိုဘူး။ ကောင်းကင် နဲ့ ဝေးအောင် နောက်ယှက် နေတတ်တယ်။ အထူးသဖြင့် ဘုရား အမှုတော် ဆောင်တွေကို ပို နောက်ယှက် တတ်ပါတယ်။ ကျမနဲ့ ခင်တဲ့ ကိုထွန်း ဆိုတဲ့ အသက် ၄၀အရွယ် အစ်ကို တစ်ယောက်အကြောင်း သက်သေခံပါရစေ။ သူက ရိုးရိုး အေးအေးနဲ့ ဉာဏ်ပျူး ဘဝနဲ့ စလုံးမှာ အလုပ်လုပ်နေတဲ့သူပါ။ ကျမတို့ နေတဲ့ ကွန်ဒိုမှာ သူ အလုပ် လုပ်တော့ မောင်နှမလို ခင်မင်ကြပါတယ်။ သူက စလုံးရောက်မှ ကျမ်းစာ သင်တန်းသွား၊ အားငယ်သူကို ဖေးမ၊ ဧဝံဂေလိဟောတဲ့ အလုပ်ကို လုပ်တဲ့ ရုပ် ဖြောင့်ဖြောင့်နဲ့ သဘောကောင်းတဲ့ ကလေးသုံးယောက် အဖေပါ။ အားလုံးက သူ့ကို လူပျိုကြီးလို့ ထင်ထားကြပါတယ်။ သူအားတဲ့ အချိန် တိုင်း ကျမဆီ ဖုန်းခေါ်ပြီး ဘုရားတရားအကြောင်း အမြဲပြောသလို တခြား သူငယ်ချင်းတွေရဲ့ ဖုန်းနံပါတ်လဲ တောင်းပြီး ဘုရားအကြောင်း ဝေငှ တတ်ပါ တယ်။ ဖုန်းနဲ့ အလကား အတင်းပြော အလေလိုက်လို့ ငွေကုန်မဲ့အစား ဘုရား အကြောင်း ပြောရင်း ဖုန်းခ ကုန်တာ ပိုတန်တယ်လို့ သူအမြဲပြောပါတယ်။ ကျမလဲ သူ့ကို ဘုရားနဲ့ ပိုနီးရင် ပို နောက်ယှက်ခံရတယ်လို့ သတိပေးခဲ့ပါတယ်။ သူက ယုံကြည်သူ မယုံကြည်သူ တွေနဲ့ ပေါင်းပြီး တရားဟောခြင်းကို တက်တက်ကြွကြွ လုပ်ဆောင်ခဲ့ ပါတယ်။ ကျမက သူ့ကို အစ်ကို့ ဆက်ကပ်မှုက အရမ်း ကောင်းပါတယ်။ ဒါပေမဲ့ ရေရှည် လုပ်ဖို့ ဆက်ကပ်ဖို့တော့ ဝိညာဉ်ခွန်အား လိုတယ်လို့ ပြောခဲ့ပါတယ်။ အစ်ကို ရုပ်သန့်သန့်ယောကျ်ား ဆိုတော့


သခင့်စကား ဝိညာဉ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၂၆ ဖေဖော်ဝါရီလ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မိန်းမအားဖြင့်၄င်း၊ ငွေအားဖြင့်၄င်း ကျန်းမာရေး အားဖြင့်၄င်း နောက်ယှက်ခြင်း ခံရ ရင် စိတ်မပျက်ပါနဲ့လို့ ကြိုတင် သတိပေးခဲ့ပါတယ်။ သူကလဲ ဓမ္မ ဟောင်း ထဲက ယောဘအကြောင်း ပြောပြရင်း သူသိတဲ့အကြောင်း ပြောပြပါတယ်။ ယောဘ က ဘုရားသခင်အပေါ် သစ္စာရှိ ယုံကြည်ခြင်းရှိလို့ စာတန်ကတောင် ဘုရား သခင်ဆီက အခွင့်တောင်းပြီး နောက် ယှက် ခဲ့ရပါတယ်။ လို့ ရှင်းပြတော့ အစ်ကို သိရုံနဲ့ မပြီးဘူး။ ကိုယ်တွေ့ ခံနိုင် ရည် ရှိအောင် ကြိုးစားပါလို့ သတိ ပေးလိုက်ပါတယ်။

ဒီလိုနဲ့ ၂လလောက်ကြာတော့ ကိုထွန်း တစ်ယောက်ငြိမ်ချက်သား ကောင်းနေပါတယ်။ ကျမဆီလဲ ဖုန်းမခေါ်တော့တာကြောင့် လှမ်းမေးလိုက်တော့ ကျမတို့ သူငယ်ချင်း ၅ယောက်အတွက် ကျမ်းစာအုပ်သွားဝယ်တဲ့ အချိန်မှာ အသင်းလူကြီးတစ်ယောက်က "မင်း ဘယ်ကောင်မလေးတွေကို ကျမ်းစာအုပ် လက်ဆောင်ပေးဖို့ လာဝယ်တာလဲ" လို့စောင်းမြောင်းပြောဆိုတဲ့အတွက် စိတ်တို ဒေါသ ထွက်ပြီး ဘုရားတရားအတွက် ဘာမှ မလုပ်တော့ဘူးလို့ပြန်ပြောပါတယ်။ ကိုယ့်ဘာသာနေတာ အကောင်းသား၊ ဘုရားအလုပ် လုပ်မှ အထင်သေးတဲ့ မေးခွန်းနဲ့ အနှောက်အယှက်ခံရတယ်။ တော်ပြီ အေးအေးဆေးဆေးဘဲ နေတော့ မယ်လို့ ဆက်ဆိုလာပါတယ်။ မြန်မာပြည်မှာ ကျန်နေတဲ့ မိန်းမဖြစ်သူနား ရောက်သွားပြီး အထင်လွဲခံရမှာစိုးလို့ လူတွေနဲ့ ရောပြီး ဘုရား အလုပ် မလုပ်တော့ဘူးတဲ့။

အခုတော့ အစ်ကိုတစ်ယောက် မြန်မာပြည်ကို အပြီး ပြန်သွားခဲ့ပါပြီ။ ကောင်းကင် နိုင်ငံတော်ကို လူတိုင်းမြင်သာ ဝင်လာအောင် ကျမတို့ ဘုရား အမှု တော် ဆောင်ရမှာ ဖြစ်ပါတယ်။ အနှောက်အယှက် ကြုံလာတဲ့အခါ အားမလျှော့ စိတ်မပျက်ဘဲ ဆက်ကပ်ဖို့လိုပါတယ်။ တမာန်တော် ၄း၂၀။ တမာန်တော် ၁၈း၉-၁၁။ သင်သည် မကြောက်နှင့်။ တိတ်ဆိတ်စွာ မနေနှင့်။ ဟောပြောလော့။ ငါသည် သင်နှင့်အတူရှိ၏။ သင့်ကို ညှင်းဆဲခြင်းငှာ အဘယ်သူမျှ အနိုင်အထက် မပြုရ။ တတ်နိုင် သလောက် အလင်းရောင်လေး ပေါ်ပြီး အနှောက်အယှက်များကို ရင် ဆိုင် ကျော်ဖြတ်ကာ ဘုရားအစေခံကြပါစို့။ ။ Cho Cho



---

## ***နေရာတိုင်းမှာသူရှိနေတယ်*** (နော်နော်အယ်)

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျမဟာ ပဲခူးတိုင်း တောရွာလေးတစ်ရွာမှာ နေထိုင်ပါတယ်။ ကျမရဲ့ ဘဝဟာ သိပ် အဆင်မပြေ ပါဘူး။ ခလုတ်ထိမှ အမိတ ဆိုတဲ့ မြန်မာစကားပုံလေးဟာ ကျမ ဘဝမှာ ဖြစ်စမြဲပါ။ အိမ်က အဆင်မပြေလို့ ပါးပါးက စင်ကာပူ နိုင်ငံမှာ အလုပ် သွားလုပ်မလားလို့ မေးပါတယ်။ ကျမ တကယ် စင်ကာပူမှာ အလုပ် မလုပ်ချင်ပါ။ ကျမ်းစာကျောင်း တက်ချင်ပါတယ်။ အဲဒီအတွက် ဘုရားသခင်ထံ ဆုတောင်း ခဲ့ပါတယ်။ ဒါပေမဲ့ မအောင်မြင်ခဲ့ပါဘူး။ စင်ကာပူနိုင်ငံမှာ အလုပ် မလုပ်ချင်ဘဲ ဆင်ခြေ ဆင်လက်တွေပေးရင်း ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် ၈-၅-၂၀၁၀ မှာ စင်ကာပူကို အလုပ်လုပ်ဖို့ ရောက်လာခဲ့ပါတယ်။ ဒီမှာ အလုပ်လုပ်ဖို့ ဘုရားသခင်က ပြင်ဆင်ပေးတယ်လို့ ကျမ ယုံကြည်ပါတယ်။ စာမေးပွဲ သွားဖြေ ရပါတယ်။ ကောင်းကောင်းမဖြေနိုင်ပါဘူး။ ပွဲစားက ဖြေနိုင်လား။ ဆုတောင်းရဲ့ လားလို့ မေးပါတယ်။ ကျမက ဟုတ်ကဲ့လို့ ဖြေလိုက်ပါတယ်။ အမှန်တကယ် ကျမ သေသေချာချာ မဖြေနိုင်ပါဘူး။ ဘုရားသခင် အခွင့် ရှိရင် စာမေးပွဲ အောင် ခွင့် ပေးပါလို့ ဆုတောင်းခဲ့ပါတယ်။ ကျမ စာမေးပွဲ အောင်ခဲ့ပါတယ်။ နောက် တော့ ကျမ အိမ်ရှင် အိမ်ကို ရောက်လာခဲ့ပါတယ်။ အိမ်ရှင်တွေက နွေးထွေးစွာ ကြိုဆို ခဲ့ပါတယ်။ ဒါပေမဲ့ အိမ်အလုပ်ကို တစ်ခါမှ မလုပ်ဖူးတော့ သူတို့ သဘော မကျကြပါဘူး။ ၃လ ပြည့်တဲ့နေ့မှာ ပွဲစားနဲ့ အတိုင်ခံရလို့ ပွဲစားက အိမ်ကို လာ ကြည့်ပါတယ်။ အိမ်ရှင်က တရုတ်လိုပြောပြီး တိုင်ပါတယ်။ ပွဲစားက အလုပ် ကြိုးကြိုးစားစား မလုပ်ရင် ၁လအတွင်း မြန်မာပြည် ပြန်ပို့ခံရမယ်လို့ပြောပါ တယ်။ ကျမ မြန်မာပြည် မပြန်ချင်သေးပါဘူး။ အလုပ် မပြုတ်ချင်ပါဘူး။ ဘုရားသခင်ဆီ ဆုတောင်းတဲ့အခါမှာ တစ်ညတော့ အိမ်မက်ထဲမှာ လူတစ် ယောက်က နင့်ကို မုန်းတဲ့သူတွေကို မေတ္တာပို့ပါတဲ့။ ကျမကို ဘယ်သူ မုန်းနေမှန်း မသိတဲ့ အတွက် အိမ်ရှင်မိသားစု အားလုံးအတွက် အထူးဆုတောင်း ပေးခဲ့ပါ တယ်။ ထူးခြားမှု ရှိလာပါတယ်။ အခုဆိုရင် အလုပ်မပြုတ်၊ ပြန်ပို့မခံရ အတိုင် မခံရဘဲ ၂နှစ်ကျော်အထိ အလုပ်လုပ်လာနိုင်ခဲ့ပါတယ်။ ခွင့်ရက် မရှိလို့ ဘုရာ‌းကျောင်း မသွားရပေမဲ့ မိသားစုတွေက ဘုရားကျောင်း သွားနေချိန်မှာ ကျမ တစ်ယောက်တည်း ရေချိုးခန်းလေးကို ဘုရားကျောင်း ဆုတောင်းခန်းလေးလို သဘောထားပြီး ဘုရားသခင်နဲ့ မိတ်သဟာယဖွဲ့ ဆုတောင်းနိုင်ခဲ့ပါတယ်။ ဘုရား သခင် နေရာတိုင်းမှာရှိတဲ့အတွက် ဒံယေလလို ကျမဟာ ကိုယ်ရောက် နေတဲ့ နေရာ ကနေ ဆုတောင်းရင်း ဘုရားကို အာရုံပြုနိုင်ခဲ့ပါတယ်။ ဘုရားသခင်ဟာ နားထိုင်း သော၊ လက်တိုသော ဘုရား မဟုတ်ပါ။ အမြဲတမ်း ကူညီမစ အတူရှိ သော ဘုရားဖြစ်ပါတယ် ဆိုတဲ့အကြောင်း သက်သေခံလိုက်ပါတယ်။ ခရစ်တော် ၏ နာမတော်မြတ်ဖြင့် - နော်နော်အယ်။

---



## ***သက်သေခံချက်*** (ထွေး-တောင်ကြီး)

၂၀၀၉ ခုနှစ်မှာ သူငယ်ချင်း နန်းမြင့်ရဲ့ ကူညီ ပေးမှုကြောင့် စင်ကာပူကို ရောက်လာခဲ့ပါတယ်။ စင်ကာပူ မရောက်ခင် ရန်ကုန်က ပွဲစားအိမ်မှာ အင်္ဂလိပ်စာ လေ့လာရင်း စင်ကာပူမှာ အလုပ်ရဖို့ စောင့်နေချိန်မှာ ပွဲစား အိမ်မှာ တိုင်းရင်းသား ပေါင်းစုံ ညီအစ်မများနဲ့ ဆုံဆည်းခဲ့ကြပါတယ်။ ကျမက အိမ် ထောင်စု စာရင်း မပြည့်စုံလို့ သူများတွေထက် ငွေကုန်ကြေးကျ ပိုများခဲ့ရ ပါတယ်။ ပွဲစားက ကျမကို နှစ်သက်ပြီး အရွေးခံရဖို့ ဘုရားသခင်ဆီမှာ ဆုတောင်း နေခဲ့ပါတယ်။ သတ်မှတ်ရက်မှာ ပွဲစားနဲ့ စလုံးတရုတ်လူကြီး တစ်ယောက် ရောက်လာပြီး အင်တာဗျူးပါတယ်။ ပွဲစားရှေ့ထိုင် အင်တာဗျူးဖို့ ရက်နေ တာ ကြာနဲ့ ကျမက စပြီး အင်တာဗျူး ခံခဲ့ပါတယ်။ မေးခွန်းတွေက သိပ် မခက်ခဲပါဘူး။ နာမည်။ ကိုယ်အလေးချိန်၊ အရပ်အမောင်းနဲ့ မိဘအမည်တွေကို မေးပြီး ပွဲစားတွေ ရှေ့မှာ မော်ဒယ်လေးတွေလို နှစ်ယောက်တစ်တွဲ လမ်းလျှောက်ပြ ရပါတယ်။ ပွဲစားက ကျမကို လက်ညှိုးထိုးပြီး ဒီတစ်ယောက် ပတ်စ်ပို့ ရှိပြီလား။ အမြန် လုပ်ထားပါလို့ ပြောပါတယ်။ ဒီလိုနဲ့ ကျမ စင်ကာပူကို ရောက်လာ ခဲ့ပါတယ်။ စင်ကာပူ ရောက် ပြီး စာမေးပွဲဖြေပြီးတော့ အိမ်ရှင် ရခဲ့ပါတယ်။ အိမ်ရှင် အိမ် ရောက်တော့ တစ်ပါတ် အကြာမှာ အိမ်ပြောင်းပေးဖို့ အိမ်ရှင် တရုတ် သူဌေးကို ပြောတော့ သူကြောင် သွားပါတယ်။ ဟုတ်ပါတယ်။ သူတို့ အိမ်က အကြီးကြီး၊ အခန်းပေါင်း များစွာ ရှိပေမဲ့ ကျမကို အခန်းထဲ မအိပ်ခိုင်းဘဲ အိမ်ရှေ့ ဧည့်ခန်းမှာ စောင်ပါးလေးနဲ့ အိပ်ခိုင်းပါတယ်။ ပန်ကာဖွင့်ပြီး အိပ်ရင် စောင်က ပါးတော့ အရမ်းချမ်းပါတယ်။ ပန်ကာ ပိတ်အိပ်တော့ ခြံထဲက ခြင်တွေကိုက်လို့ အိပ်ရေး မဝခဲ့ပါ။ ၂နှစ်လုံး ဒီလို နေရင် ငါ လုံးပါးပါးမယ်ဆိုတာတွေးမိပြီး အိမ်ရှင် ကို အလုပ်ပြောင်းပေး။ ပွဲစားကို ပန်ခေါ်ပေးဖို့ ပြောခဲ့ပါတယ်။ ပွဲစားအိမ် ရောက်တော့ အဆူခံထိပါတယ်။ နေ့တိုင်း ပွဲစားရုံးခန်း ရှေ့မှာထိုင်ပြီး လူလုံးပြ ကာ သူဌေးအိမ်ရှင် အရွေးခံရအောင် ဟန်ရေး ပြရတာ ရက်စရာပါ။ ဘုရားသခင် ဆီမှာ ကျမ ဆုတောင်းခဲ့ပါတယ်။ လကုန်ရင် လစာ လိုချင်ပါတယ်။ ကျမနဲ့ သင့်တော်မဲ့ အလုပ်နဲ့ အလုပ်ရှင်ကို ပြင်ဆင်ပေးဖို့ ဆုတောင်းခဲ့ပါတယ်။ သုံးပါတ် ပြည့်တဲ့နေ့မှာ ကျမ အခု အလုပ်လုပ်နေတဲ့ အိမ်ရှင် ညီအစ်မ သုံး ယောက် လူလာရွေးတော့ ကျမကို သဘောကျလို့ ခေါ်သွား ပါတယ်။ အပျိုကြီး ညီအစ်မ သုံးယောက်အိမ်မှာ နေရပြီး သူတို့အဖေ အဖိုးကြီးကို ပြုစုပေးဖို့ ဖြစ်ပါတယ်။ အဖိုးကြီးက သနားစရာ အရမ်းကောင်းပါတယ်။ ကျောက်ကပ် ခွဲထားပြီးနောက် လမ်းမလျှောက်နိုင်၊ သွက်ချာပါဒ ကိုယ်လက် ခြေတွေ တုန်ရီနေတဲ့ ရောဂါရှိတယ်။ မျက်စိက ဘယ်တော့မှ မဖွင့်ဘူး။ မျက်စိ ဖွင့်ရင် အနေရ ခက်တယ်လို့ သူပြောပြပါတယ်။ သူက လုံးဝ စကားမပြောပါဘူး။ သူနဲ့ နေတာ ၂နှစ်ရှိပြီ ကျမ မိသားစုအကြောင်း မေးတာ ၂ခွန်းဘဲ ရှိပါတယ်။ ကျန်တာ ကျမ မေးမှ သူဖြေနိုင်ရှာပါတယ်။

ဒီအိမ်မှာ အိမ်ရှင်တွေနဲ့ တန်းတူ အစာစားခွင့် ရခဲ့ပါတယ်။ အစစ အရာရာ လိုလေသေး မရှိအောင် မိသားစုအိမ်ရှင်ညီအစ်မတွေနဲ့ ညီအစ်မတွေလို နေထိုင်လုပ်ကိုင်ခွင့် စပါယ်ရှယ် အခန်းတစ်ခန်းနဲ့ သီးသန့်နေရပြီး အစားအစာ အလျှံပယ် စားရတဲ့အပြင် ပျင်းစရာကောင်းလောက်အောင် မယ်မယ်ရရ လုပ်စရာ



*သခင့်စကား* ဝိညာဥ်ရေးရာစာစောင်၊ အမှတ်စဉ် ၁၂၆ ဖေဖော်ဝါရီလ ၂၀၁၂ ခုနှစ်
နိုင်ငံတကာမှ မြန်မာခရစ်ယာန် အသင်းတော်များနှင့် မိတ်သဟာယများအတွင်း အခမဲ့ဖြန့်ချိရန် ကန့်သတ် ထုတ်ဝေသည်။

မလိုဘဲ အဖိုးအိုကို နေ့တိုင်းထိုင်ကြည့်ပေးရတဲ့ အလုပ်ကို သက်သက်သာသာနဲ့ လုပ်ခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ။ ထွေး(တောင်ကြီး)

---

***ဂုဏ်ပြုညစာစားပွဲ*** (မင်းအောင်သက်လွင်)




စင်ကာပူမှာ အလုပ်လုပ်နေတုံး ၂၀၀၉ ခုနှစ်က ဂုဏ်ပြု ညစာ စားပွဲ တစ်ခုကို တက်ရောက်ဖို့ ဖိတ်ကြား ခံရပါတယ်။ ရိုးရိုးတန်းတန်း တက်ရတာ မဟုတ်ပါ။ အဲဒီ ညစာ စားပွဲကို လာမဲ့ သူတွေကို ဖျော်ဖြေဖို့ အတွက် ပြဇာတ် တစ်ပုဒ် ကပြပေးဖို့ ဖိတ်ကြားခံရတာပါ။ ဖိတ်တဲ့သူက အသင်းတော်က သင်းအုပ် ဆရာ ဖြစ်ပါတယ်။ ဂုဏ်ပြုပွဲ လုပ်မဲ့ နေရာကလဲ အသင်းတော် တစ်ခုထဲမှာပါဘဲ။ ဒါပေမဲ့ ညစာ စားပွဲက အသင်းတော်က လုပ်တာ မဟုတ်ပါဘူး။ စင်ကာပူ အစိုးရက နိုင်ငံခြား အလုပ် သမားတွေအတွက် လုပ်ပေးတာလို့ပြောပါတယ်။ ပြဇာတ် ထဲမှာ နိုင်ငံ ရေး စကား။ ဘာသာရေး မဲဆွယ် စကားတွေ မသုံးရ မပြောရ ဘူးလို့ ကန့်သတ် ထားပါ တယ်။

စင်ကာပူရောက် နိုင်ငံခြားသား အလုပ်သမားများ (တရုတ်၊ အိန္ဒိယ။ မြန်မာ။ ဘင်္ဂလားဒေ့ရှ် ---) ကို ဂုဏ်ပြုခြင်း သက်သက် အစီအစဉ် ဖြစ်တဲ့အတွက် ဖျော်ဖြေရေး စကားလုံးဘဲ သုံးပါတဲ့။ ပြဇာတ် ကပြရမယ်ဆိုတော့ နန်နဲ ဦးနှောက် စားပါတယ်။ ကျွန်တော် ကလဲ ဘာသာရေး ပြဇာတ်တွေက လွဲရင် တခြားဘာမှ မကပြခဲ့ဘူးသူမို့ ဘယ်လို ပြဇာတ် ပြရမှန်းတောင် မသိပါဘူး။ နောက်ဆုံးတော့ အဖွဲ့သားတွေနဲ့ ပူးပေါင်း ပြီး ဖျော်ဖြေရေး ပြဇာတ် တစ်ပုဒ်ကို ကပြနိုင်ခဲ့ပါတယ်။ အဲဒီညက စင်ကာပူကို အစောဆုံးရောက်နေတဲ့ နိုင်ငံခြားသားကို ဂုဏ်ပြုဖို့ စီစဉ် ထားတဲ့အတိုင်း သဘာပတိ ဖြစ်သူက ရွေးချယ်တဲ့အခါမှာ အနှစ်၂၀ နီးပါး ရောက်ရှိ နေတဲ့ အသက် ၆၀နီးပါးရှိတဲ့ ကရင် အဖိုးကြီးတစ်ယောက်က ထိုက်ထိုက် တန်တန် ဂုဏ်ပြုဆု ကိုရရှိသွားပါတယ်။

နောက်တစ်နှစ်အကြာမှာဘဲ နောက်ထပ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်ဖို့ ဖိတ်ကြားခြင်း ခံရပြန်ပါတယ်။ ကျွန်တော့် အီးမေးလ် ထဲကို ဖိတ်စာ တစ်စောင်ရေးပြီး တက်ရောက်နိုင် မနိုင် ရေးထားပါတယ်။ ဘာမှန်း မသိလို့ ကျွန်တော် အကြောင်း မပြန်ခဲ့ ပါဘူး။ နောက်တော့ အသိတစ်ယောက်ရဲ့ အကူအညီနဲ့ ကျွန်တော့် လက်ထဲကို ဖိတ်စာ တစ်စောင် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာ ပါတော့တယ်။

လက်မှတ်လေးကို ကျမ်းစာအုပ်ကြားထဲ ညှပ်ထားရင်း ညစာ စားပွဲနေ့က ကျွန်တော် မလေးရှားနိုင်ငံကို ဘုရားသွား ရှိခိုးသွားဖို့ ကိစ္စပေါ်လာတဲ့အတွက် ဂုဏ်ပြုပွဲ မသွားဖြစ်လို့ ကျွန်တော် ရထားတဲ့ ညစာ စားပွဲ လက်မှတ်ကို ဂုဏ်ပြုပွဲမှာ သဘာပတိလုပ်ဖို့ လှလှပပပြင်ဆင်ထားတဲ့ ကျွန်တော်တို့ အိမ်မှာနေတဲ့ အစ်မရဲ့ လက်ထဲ ပြန်အပ် လိုက်ပါတယ်။ သူငယ်ချင်းဖြစ်သူက ကျွန်တော့်ကိုယ်စား သွားချင်တာမို့ လက်မှတ်ကို သူ့လက်ထဲ ပြန်ထည့် လိုက်ပါတယ်။ သွားခါနီးကျမှ သူငယ်ချင်းက အိပ်ပျော်သွားတာမို့ သဘာပတိ အစ်မက အဲဒီလက်မှတ်ကို ပြန်ယူသွားပါတယ်။ သူငယ်ချင်း အိပ်ယာက နိုးလာတော့ ညစာ စားပွဲ သွားမလို့ လက်မှတ်ပျောက်နေတဲ့အတွက် ညစာစားပွဲ မသွားဖြစ်တော့ဘဲ အကျီပြန်လဲ လိုက်ရပါတယ်။ အဲဒီ လက်မှတ်ကို အကြောင်းပြုပြီး သဘာပတိ အစ်မ ဖြစ်သူက အမှတ်တမဲ့လိုက်ဖြစ်တဲ့ သူ့ မိတ်ဆွေ ကောင်လေး တစ်ယောက်ကို ညစာစားပွဲ လက်မှတ် တစ်စောင် အပိုရှိတယ် လာခဲ့ပါလို့ အရေးပေါ် လှမ်းဖိတ်လိုက်ပါတယ်။ အဲဒီ အမှတ်တမဲ့ ကောင်လေး ကလဲ ညစာစားပွဲ ကျင်းပမဲ့ နေရာကို စက်ဘီး တတန်။ ရထား တတန် ကားတတန် စီးပြီး ရောက်လာခဲ့ပါတယ်။ ညစာစားပွဲ ကျင်းပနေပါပြီ။ မကြာခင်မှာ ဖိတ်စာ လက်မှတ်တွေထဲက နံပါတ်ကို ကံစမ်းမဲ နှိုက်ပါတယ်။ ပထမဆု ပေါက်သွားတဲ့ သူကတော့ ကျွန်တော့် လက်မှတ် ကိုင်ထားတဲ့ အမှတ်တမဲ့ ကောင်လေးဘဲ ဖြစ်ပါတယ်။ တကယ်တော့ ဒီလက်မှတ်ရဲ့ နောက်ကျောမှာ ကျွန်တော့်နာမည် ရေးထိုးထားပါတယ်။ ဆုကို ကျွန်တော် မရထိုက်တဲ့အတွက် အဲဒီညက မလေးရှားကို သွားလိုက်ရပါတယ်။ သူငယ်ချင်းဖြစ်သူက ကျနော့် ကိုယ်စား သွားမလို့ ကြိုးစားပေမဲ့ အိပ်ပျော် သွားတဲ့အတွက် မသွား ဖြစ်ခဲ့ပါဘူး။ ဂုဏ်ပြုပွဲရောက်ပြီးကာမှ အဲဒီ လက်မှတ်က ကျွန်တော့် အသိ အစ်မကြီးလက်ထဲ ရောက်နေပြန်ပါသေးတယ်။ နောက်ဆုံးမှ ဆုကို ထိုက်ထိုက်တန်တန်ရရှိမဲ့ အမှတ်တမဲ့ကောင်လေး လက်ထဲ လက်မှတ် ရောက်သွားတာ ဖြစ်ပါတယ်။ ဒါတောင် သဘာပတိဖြစ်သူက ကံစမ်းမဲ နံပါတ်ခေါ်တာ စကားသိပ်မပီလို့ တခြားစားပွဲက လူတစ်ယောက်က နားကြားလွဲပြီး ဆုကို ထယူပါသေးတယ်။ နောက်ဆုံးမှ ဆုနဲ့ ထိုက်တန်တဲ့ အမှတ်တမဲ့ကောင်လေး လက်ထဲ ငွေသားဆု ရသွားတာ ဖြစ်ပါတယ်။

ဂုဏ်ပြုညစာ စားပွဲဆိုတာ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုခြင်းပါ။ ဓမ္မသစ်ကျမ်း ထဲမှာ ဂုဏ်ပြုညစာ စားပွဲနဲ့ အလားသဏ္ဍာန်တူတဲ့ မင်္ဂလာ ဆောင်ပွဲ ဖိတ်ကြားခြင်း ခံရတဲ့ သူတွေအကြောင်း ဖော်ပြ ထားပါတယ်။ (မဿဲ ၂၂း၁-၂၂) ဒါဟာ သခင်ယေရှုက ပရိတ်သတ်တွေကို ဥပမာအားဖြင့် မိန့်တဲ့ တရား ဖြစ်ပါတယ်။ မင်းကြီးရဲ့ သားတော်မင်္ဂလာပွဲမှာ ဧည့်သည်တွေကို ဖိတ်ကြားပေမဲ့ လူတော်တော် များများဟာ မင်္ဂလာပွဲကို မလာနိုင်ခဲ့ပါဘူးတဲ့။ တစ်ချို့က အလုပ်သွား။ တစ်ချို့က အလုပ်များ။ တစ်ချို့က ကရုမစိုက်။ တစ်ချို့က နားမထောင်။ တစ်ချို့ ကျ သတင်းစကား ကြားပြောသူတွေကိုတောင် ရိုက်နှက် နှောင့်ယှက်ကြတယ်ဆိုဘဲ။ နောက်ဆုံး မင်းကြီးက လမ်းမ လမ်းကြားမှာ တွေ့သမျှ ကောင်းမကောင်းသော လူတွေကို စုဝေးစေပြီး ပွဲတော်ကို ဝင်စေခဲ့ပါ တယ်တဲ့။

ဒါပေမဲ့ မင်းကြီးက ပွဲထဲ ဝင်လာတဲ့သူတွေကို လိုက်လံ စစ်ဆေးတဲ့ အခါမှာ မင်္ဂလာဆောင် ဝတ်စုံကို မဝတ်တဲ့ သူတစ်ယောက်ကို တွေ့ရှိလို့ အပြစ်ပေးခဲ့ပါသေးတယ်။ မင်္ဂလာဆောင်ပွဲကို လာသူဟာ ထိုက်တန်တဲ့ ဝတ်စုံကို ဝတ်ဆင် ရမှာဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ သားတော် သိုးသူငယ် သခင်ယေရှုရဲ့ မင်္ဂလာပွဲနဲ့ ထိုက်တန်တဲ့ ဝတ်စုံဟာ သိုးသူငယ် အသွေးနဲ့ ဆေးကျော် ထားပြီးသားဖြစ်တဲ့ ဖြောင့်မတ်ခြင်း ဝတ်စုံဘဲ ဖြစ်ပါတယ်။ ထို မင်္ဂလာ ဂုဏ်ပြုညစာ စားပွဲကို ဝင်နိုင်ရန် ကျွန်တော်တို့ အားလုံး ဖြောင့်မတ်ခြင်း ဝတ်စုံကို ဝတ်ဆင်ကြပါစို့။ ။ မင်းအောင်သက်လွင်

---

## ကျေးဇူးပါ မီဒီယာ

**ကာတွန်း - မင်းအောင်သက်လွင်**




Cartoon ; Min Aung Thet Lwin



မည်သူမဆို စာမူများ ရေးသားပေးပို့ နိုင်ပါသည် Min Aung Thet Lwin, Blk 76A #30-02, Red hill road, Singapore 151076
E-mail; thelordword@gmail.com (( Phone (65) 81222320 )) သခင့်စကားစာစောင်ကို **www.thelordword.com** တွင် အခမဲ့ ဖတ်ရှုနိုင်ပါသည်။
မြန်မာစာမူများအား Facebook; lord's word @ lord's heart တွင်ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။ **မင်းအောင်သက်လွင် စီစဉ်ထုတ်ဝေသည်**